# မူလထုတ်ဝေသူ ဟံသာဝတီစာအုပ်တိုက်၏ နိဒါန်း

### ဝံသကျမ်းများ

"ဝနောတိ ပဏ္ဍရတီတိ ဝံသော-သန္တာနော" ဟူသော ဏွာဒိမောဂ္ဂလာန်ဝိဂြိုဟ်၊ "ဝံသော တန္တိ ပဝေဏီ" ဟူသော မဟာ ဝံသဋီကာနှင့်အညီ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှပ္ပတ်ကို ပြဆိုသော ကျမ်းများသည် "ဝံသကျမ်း" မည်၏။ ထိုဝံသကျမ်းသည် (၁) ဗုဒ္ဓဝင်၊ (၂) အနာဂတဝင်၊ (၃) ဒီပဝင်၊ (၄) မဟာဝင်၊ (၅) ဗောဓိဝင်၊ (၆) ဒါဌာဓာတုဝင်၊ (၇) နဠာဋဓာတုဝင်၊ (၈) ထူပဝင်၊ (၉) ရွှေပြည်ဝင်နှင့်တကွ ဆကေသဓာတုဝင်၊ သာသနာဝင်၊ ဂန္ဓဝင်၊ ရာဇဝင် စသောအားဖြင့် များစွာရှိလေသည်။

### (၁) ဗုဒ္ဓဝင်ကျမ်း

ပွင့်တော်မူပြီးကုန်သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှပ္ပတ်ကို ပြဆိုသော မူလ ဗုဒ္ဓဝင် ပါဠိတော်၊ အရှင်မဟာ ဗုဒ္ဓဒတ္တထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင်အဋ္ဌကထာ၊ အရှင်သောဘိတထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင် ဋီကာ များနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော ဗုဒ္ဓဝင် ပါဠိတော်နိဿယ၊ ဗုဒ္ဓဝင် အဋ္ဌကထာ နိဿယ၊ ဗုဒ္ဓဝင်ဝတ္ထု ဟူ၍ ရှိလေသည်။

### (၂) အနာဂတဝင်ကျမ်း

ပွင့်တော်မူလတ္တံ့သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှပ္ပတ်ကိုပြဆိုသော မူလ အနာဂတဝင် ပါဠိတော်၊ သီဟိုဠ်ကျွန်း အရှင်မဟာဥပတိဿထေရ် စီရင်အပ်သော အနာဂတဝင် အဋ္ဌကထာ၊ အမည်မသိ ဆရာ စီရင်အပ်သော ဒသဗုဒ္ဓ အနာဂတဝင်ပါဠိ များနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော အနာဂတဝင် ပါဠိတော် နိဿယ၊ အနာဂတဝင်အဋ္ဌကထာ နိဿယ၊ အနာဂတဝင်ဝတ္ထု ဟူ၍ရှိလေသည်။

### (၃) ဒီပဝင်ကျမ်း

ကျွန်းကြီး ၄ ကျွန်းနှင့်တကွ သီဟိုဠ်စသော ကျွန်းငယ်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှပ္ပတ်ကို ပြဆိုသော မူလ သီဟဠ ဘာသာ ဒီပဝင်၊ မာဂဓဘာသာ ဒီပဝင်ပါဠိ၊ မန္တလေးမြို့ ဒက္ခိဏာရာမ ပထမဘုရားကြီး ဆရာတော် စီရင်အပ်သော ဒီပဝင် ဋီကာများနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော ဒီပဝင် နိဿယ၊ ဒီပဝင်ဝတ္ထု ဟူ၍ ရှိလေသည်။

### (၄) မဟာဝင်ကျမ်း

မြတ်စွာဘုရားသခင်နှင့်တကွ သာသနာပြု သံဃာတော်များ၊ သာသနာပြု ဘုရင်မင်းများ၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှ ပ္ပတ်ကို ပြဆိုသော မူလ သီဟဠဘာသာ မဟာဝင်၊ သာသနာ ရှစ်ရာကျော်တွင် သီဟိုဠ်ကျွန်း အရှင်မဟာနာမထေရ် စီရပ်အပ်သော မဟာဝင်နောက်ဆက်တွဲ ခေါ် စူဠဝင်ပါဠိများနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော မဟာဝင်နိဿယ၊ ကျီးသဲလေးထပ်ကျောင်း ဆရာတော်စီရင်အပ်သော မဟာဝင်ဝတ္ထုဟူ၍ ရှိလေသည်။

### (၅) ဗောဓိဝင်ကျမ်း

မဟာဗောဓိနှင့် အာနန္ဒာဗောဓိ ဒက္ခိဏသာခါဗောဓိ တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှပ္ပတ်ကို ပြဆိုသော မူလ သီဟဠဘာသာဗောဓိဝင်၊ သီဟိုဠ်ကျွန်း အရှင်မဟာ ဥပတိဿထေရ် စီရင်အပ်သည့် မဟာဗောဓိဝင်ပါဠိ၊ ပုဂံ ပြည်ပေါင်လောင်အရှင် မဟာကဿပ စီရင်အပ်သော မဟာဗောဓိဝင် ဋီကာနှင့်တကွ ဒုတိယခုံဆရာတော် စီရင်အပ်သော မဟာဗောဓိဝင်နိဿယ၊ အမည်မသိဆရာ စီရင်အပ်သော မဟာဗောဓိဝင် ဋီကာနိဿယ၊ ဗောဓိဝင်ဝတ္ထု ဟူ၍ ရှိလေသည်။

### (၆) ဒါဌာဓာတုဝင်ကျမ်း

စွယ်တော်မြတ်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှပ္ပတ်ကိုပြဆိုသော မူလ သီဟဠဘာသာ ဒါဌာ ဓာတုဝင်၊ သီဟိုဠ်ကျွန်း အရှင် သဒ္ဓမ္မကိတ္တိထေရ် စီရင်အပ်သော မာဂဓဘာသာ ဒါဌာဓာတုဝင်ပါဠိ၊ အမည်မသိဆရာ စီရင်အပ်သော ဒါဌာဓာတုဝင်ဋီကာ၊ ဒါဌာဓာတုဝင်နိဿယ၊ ဒါဌာဓာတုဝင်ဝတ္ထု ဟူ၍ ရှိလေသည်။

### (၇) နဠာဋဓာတုဝင်ကျမ်း

နဖူးသင်းကျစ်တော်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှပ္ပတ်ကို ပြဆိုသော အမည်မသိဆရာများ စီရင်သည့် မူလ နဠာဋဓာတုဝင်ပါဠိ၊ နဠာဋဓာတုဝင်ဋီကာ၊ နဠာဋဓာတုဝင်နိဿယ၊ နဠာဋ ဓာတုဝင်ဝတ္ထု ဟူ၍ ရှိလေသည်။

### (၈) ထူပဝင်ကျမ်း

ဟေမမာလီမည်သော သီဟိုဠ်ကျွန်း မဟာစေတီတော်မြတ်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အရွှပ္ပတ်ကို ပြဆိုသော သီဟိုဠ်ကျွန်း အရှင်ဝါစိဿရထေရ် စီရင်အပ်သည့် မူလ ထူပဝင်ပါဠိ၊ အမည်မသိဆရာများ စီရင်အပ်သည့် စူဠထူပဝင်ပါဠိ၊ ထူပဝင်နိဿယ၊ ထူပဝင်ဝတ္ထု ဟူ၍ ရှိလေသည်။

### (၉) ရွှေပြည်ဝင်ကျမ်းစသည်

မြတ်စွာဘုရားသခင်နှင့် အဂ္ဂသာဝက အရှင်မြတ် ၂ ပါးတို့၏ ပရိနိဗ္ဗာန်ပြုတော်မူပုံအကြောင်းအရာကို ပြဆိုသော အမည်မသိဆရာ စီရင်သည့် ရွှေပြည်ဝင်ဝတ္ထု၊ ခြောက်ဆူသော ဆံတော်မြတ်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရွှပ္ပတ်ကို ပြဆိုသော အမည်မသိဆရာ စီရင်အပ်သည့် **ဆကေသဓာတုဝင်ပါဠိ**၊ သာသနာပြုဆရာ အစဉ်အဆက်ကို ပြဆိုသော မောင်းထောင် ဆရာတော် စီရင်သည့် **သာသနာဝံသဒီပိကာပါဠိ** နှင့် **သာသနာလင်္ကာရ စာတမ်း**၊ မည်သည့်ကျမ်းဂန်ကို မည်သည့်ဆရာ ပြုသည် ဟု ကျမ်းဂန်များနှင့် ကျမ်းပြုဆရာများကို ပြဆိုသော အမည်မသိဆရာ စီရင်သည့် **မူလ ဂန္ဓဝင်ပါဠိ**၊ ကျီးသဲလေးထပ်ကျောင်း ဆရာတော် စီရင်သည့် **စူဠဂန္ဓဝင်ပါဠိ**၊ မင်းစဉ်မင်းဆက်ကို ပြဆိုသော **ရာဇဝင်ကျမ်း** ဟူ၍ ရှိလေသည်။

### ဟံသာဝတီ၏ အာသီသ

ကျွန်ုပ်တို့ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက် အာသီသတောင့်တရင်း နှလုံးသွင်းမှာ ပါဠိတော်များ၊ အဋ္ဌကထာများ၊ ဋီကာများ၊ ယောဇနာများ၊ ဂန္ထန္တရများနှင့် တကွ ရှေးဆရာတော်များ ရေးသားတော်မူခဲ့သော ပိဋကတ်တော်လာ စာပေများ၊ ဝင် ၉-ဝင်နှင့်တကွသော ဝံသကျမ်းများ မတိမ်ကော မပပျောက်စေရန်လည်းကောင်း၊ မသူတော်တရား ကွယ်ပ၍ သူတော်တရား ထွန်းကားလာစေရန် လည်းကောင်း၊ ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွား၍ အဓွန့်ရှည်စွာ တည်စေရန်လည်းကောင်း ရည်သန်ပြီးလျှင် အဆက်မပြတ် ပိဋကတ်တော် ကျမ်းစာများကို ရိုက်နှိပ်အပ်သည် ဖြစ်ပါကြောင်း။

"ဟံသာဝတီ"